# ခရစ်တော်ကြွလာတော့မည်
# Christ is coming !

## ကျမ်းစာသွန်သင်ချက်၌သူပြန်လာမည့်အကြောင်း

Bible teaching about his return

“ယေရှုခရစ်တော်ဤလောကသို့ ပြန်လာတော့မှာ မဟုတ်ပါဘူး” - ဆိုသော ပြောဆိုမှုသည် ဘာသာရေးနယ်ပယ်၌ ပြောဆို နေကျ ဖက်ရှင်ကြီးဖြစ်နေပါသည်။ ယခုတိုင်အချို့သော ခရစ်ယာန်များက ဤသို့ယုံကြည်ကြပါသည်။ သို့သော်ဒုတိယအကြိမ်ကြွလာခြင်းသည် အလွန်တရာအရေးပါသော အဖြစ်အပျက်ကြီးဖြစ်ကြောင်း ယုံကြည်သူများစွာလည်း ရှိနေကြပါသည်။ ခရစ်တော်၏ညီအစ်ကိုမောင်နှမများကမူ (Christadelphians)၊ ယေရှုခရစ်တော်ပြန်ကြွလာခြင်းသည် ထာဝရဘုရား၏ ရည်မှန်းချက်ပြီး ပြည့်စုံလင်ခြင်း ဖြစ်ကြောင်းကိုအမြဲ သင်ပြဟောပြောနေကြပါသည်။ ဤစာအုပ်သည်ကျမ်းစာ၏ သင်ကြားခြင်းကိုသုံးသပ်ရာ သူပြန်ကြွလာခြင်းအကြောင်း ဆွေးနွေးသော စာအုပ်ဖြစ်သောကြောင့်ကိုယ်တော်ရှင် ပြန်လည်ကြွလာခြင်းဆိုင်ရာ အံ့ဩဖွယ်ကောင်းသောဖြစ်ရပ်များနှင့် အကြောင်းရင်းများကို ဖော်ပြထားပါသည်။

## <u>ဓမ္မသစ်ကျမ်းပါသွန်သင်ချက်</u> ( New Testament teaching)

“တချို့က ဓမ္မသစ်ကျမ်းပါခရစ်တော် ပြန်လည်ကြွလာခြင်းနှင့်ပတ်သက်၍ ဖတ်ရှု သောအခါ (၃၁၈)ကြိမ်ကျမ်းစာထဲ၌ ပါရှိကြောင်းဖော်ထုတ်ခဲ့ကြသည်။ ခရစ်ယာန် မေတ္တာတရားနှင့်ပတ်သက်၍ (၁၁၅)ကြိမ်သာပါရှိကြောင်း တွေ့ရှိ

ရသည်။ သို့ဖြစ်ပါက ဤခေါင်းစဉ် အကြောင်းအရာအရေးကြီးကြောင်း သင်စတင်တွေ့ရှိ နိုင်ပါသည်။ ဓမ္မသစ်ကျမ်းရေးသူများကလည်း ဤအကြောင်းကို တစ်ကြိမ်နှစ်ကြိမ်လောက်သာ ဖော်ပြသည်မဟုတ်ပါ။ အလွန်ကျယ်ဝန်းစွာ ပြန့်နှံ့သွားပါသည်။

ယေရှုကိုယ်တော်တိုင်က ဘုရားသခင်၏နိုင်ငံတော်အကြောင်းနှင့် သူပြန်လာမည့်အကြောင်းကို မကြာခဏဟောကြားမိန့်ဆိုတော်မူခဲ့ပါသည်။ သူ၏ပုံဥပမာ တော်များသည် ဘုရားသခင်၏ နိုင်ငံတော်ချက်ချင်း ဖော်ဆောင်တော့မည်ဟု ယုံကြည်သူများကထင်မြင်ကြသည်။ခရစ်တော်က "သူသည်အုပ်ချုပ်ခြင်းအာဏာရရှိရန်အတွက် ဝေးရာအရပ်သို့ခရီးထွက်ပြီးမှ ပြန်လည်ရောက်ရှိလာသော မြင့်မြတ်သည့် လူကြီးလူကောင်းတစ်ဦးနှင့် တူကြောင်း" ဟူ၍ဥပမာ ပေးဟောဆိုတော်မူခဲ့၏။ (လု ၁၉း၁၂) "လူသားသည်ထိုကဲ့သို့ပြန်လာမည်" - ဟုမကြာခဏ ထည့်ဟောတော်မူ၏။ (မ ၂၄း၂၇,၃၀,၃၇,၃၉ နှင့် ၄၈၊ ၂၅း၂၇၊ ၂၆း၆၄ )။ ထို့ပြင်သူ့ တပည့်တော်တို့ထံ၊ ဝိညာဉ်ကိုယ်ခန္ဓာနှင့် မမြင်နိုင်သောပုံစံဖြင့် သူတို့နှင့်အတူ ဆက်လက်နေထိုင်မည့်အကြောင်း အားပေးစကားပြောဆိုခဲ့ရာမှာလည်း ကမ္ဘာအဆုံးတိုင်ဟုဆိုသောအခါ မြင်နိုင်သောအသွင်ဖြင့် သူတို့နှင့်ထာဝစဉ်တည်ရှိ နေထိုင်သွားမည်ကို ဆိုလိုခြင်းဖြစ်ပါသည် (မ ၂၈း၂၀)။ ထို့အတူပင်သူ့တမန်တော်တို့၏ သက်သေခံချက်သည်လည်း အတူတူပင်ဖြစ်ပါသည်။ သူရှင်ပြန်ထမြောက်ပြီး ရက်ပေါင်း (၄၀) တိုင်တိုင် ကမ္ဘာပေါ်နေထိုင်စဉ်ကလည်း၊ခရစ်တော်က သူ့တမန်တော်တို့ကို အစ္စရေးလ်နိုင်ငံပြန်လည် ထူထောင်ခြင်းဖြစ်သောဘုရားရှင်၏ နိုင်ငံတော် အကြောင်းကို ကောင်းစွာညွှန်ကြားမှုပေးကာ အသေအချာမှာထားတော်မူခဲ့ပါသည်။ (တ ၁း၃-၆)။ ထိုစကားသည် သူရှင်ပြန်ထမြောက်တော်မူသည့် နောက်ပိုင်း၌ ဟောဆိုသော အဖွင့်စကားဖြစ်တော်မူပြီး



ပြီးမှတစ်ခုပြီးတစ်ခု ခရစ်တော်တရားစကားဟူသမျှ အားလုံးကိုလိုက်နာကျင့်သုံးကျင့်ကြံကြရပါမည်။ ကမ္ဘာပေါ် ဘုရားရှင် အုပ်ချုပ်သောနိုင်ငံတော် တည်ထောင်သောအခါ လူသားများ၏အတွေ့အကြုံကို ပြောင်းလဲသွားစေမည်။ ထို့ကြောင့်ယခုကတည်းကစတင်ပြီး ဖန်ဆင်းရှင်ထာဝရဘုရား၏ တရားစကားအတိုင်း ကျင့်ကြံနေထိုင်သွားရန်သာရှိနေပါသည်။ သခင်ဘုရားသည် လက်တကမ်းသို့ရောက်ရှိတော်မူပြီ။ ထို့ကြောင့် မိမိကျင့်ကြံနေထိုင်ပုံမိမိ စစ်ဆေးရမည့် အချိန်ဖြစ်သည်။ သို့မှသာသူကြွလာချိန်အတွက် ပြင်ဆင်ပြီးအဆင်သင့်ကြိုသူဖြစ်နိုင်၏။

အကြေးနှင့်ကင်းစင်၍အဘယ်အပြစ်မျှမပါဘဲ၊ ရှေ့တော်သို့ငြိမ်ဝပ်စွာ ရောက်မည် အကြောင်း ကြိုးစားအားထုတ်ကြလော့"။

(တိတု-၂း၁၂-၁၃ - ) "အကြောင်းမူကား၊ မင်္ဂလာရှိသောမျှော်လင့်ရာကို၎င်း ကြီးမြတ်သောဘုရားသခင်တည်းဟူသောငါတို့ကို ကယ်တင်တော်မူသော အရှင် သခင်ယေရှုခရစ်၏ ဘုန်းအသရေတော်ထင်ရှားပေါ်ထွန်းခြင်းကို၎င်း၊ ငါတို့သည် မျှော်လင့်လျက်၊ ဘုရားမဲ့တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက် ယခုဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း တို့ကိုပြုနေရမည့်အကြောင်း၊ ငါတို့ကိုဆုံးမသွန်သင်၍၊ လူအပေါင်းတို့ကို ကယ်တင် တတ်သောဘုရားသခင်ကျေးဇူးတော်သည်ထင်ရှားပေါ်ထွန်းလျက်ရှိ၏"။

(၁ယော - ၃း၂-၃ - ) "ချစ်သူတို့၊ ယခုတွင်ငါတို့သည်ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။သို့သော်လည်း၊ ကိုယ်တော် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည်ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည့် အတိုင်း ငါတို့သည် မြင်ရကြလတံ့။ ထိုသို့မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူ သည်နည်းတူ၊ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏"။

## <u>မိမိအကျင့်မိမိစစ်ဆေးခြင်း</u> (Take heed to yourselves)

သမ္မာကျမ်းစာသည်ရှေ့ရေးအတွက်လမ်းပြဖြစ်ပြီး၊ ယခုလောလောဆယ် အတွက်လက်စွဲတော်ဖြစ်ပါသည်။ ဘုရားရှင်ကဘာလုပ်ခိုင်းကြောင်းပြောပြနေပါ သည်။ ထိုမှနေ၍ဘုရားရှင်၏အကြံအစည်အစီအစဉ်များနှင့် ဂတိတော်များကို နားလည်နိုင်၏။ ပထမအနေဖြင့် အမှန်တရားများကိုသာ ယုံကြည်ရန်ဖြစ်ပါ သည်။ ဘုရားရှင်အားနာခံရမည့်အကြောင်းသိနားလည်ပြီးမှ ဗတ္တိဇံခံယူခြင်းရမည်။



ဓမ္မဟောင်းကျမ်းပါ ပရောဖက်များ၏ ကြိုတင်ဟောကိန်းထုတ်ချက်များသည် သူ့အပေါ်ပြီးပြည့်စုံလင်လာခဲ့ကြောင်း မိန့်ကြားတော်မူခဲ့ပါသည် (လု - ၂၄း၂၇ အရ) ။ ကောင်းကင်ဘုံ ဘက်သို့သံလွင်တောင်ပေါ်မှ တက်ကြွသောအချိန် မှာလည်း ထာဝရဘုရားက သူ၏ကောင်းကင်တမန်တော်တို့အား အောက်ပါ အတိုင်း ပြောကြား ရန်စေလွှတ်တော်မူခဲ့၏ "ဂါလိလဲလူတို့၊ အဘယ့်ကြောင့် မိုးကောင်း ကင်သို့ကြည့်မျှော်လျက် နေကြသနည်း။ သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင် သို့ကြွသွားတော်မူသည့်နည်းတူ တစ်ဖန်ကြွလာတော်မူလတံ့ဟု ပြောဆို၏။ (တ ၁ း ၁၁) ။

ထို့ကြောင့် တမန်တော်တို့သည် ယေရုရှလင်မြို့လမ်းမကြီးများပေါ်၌ သူတို့၏သခင်ယေရှုခရစ်တော်သည်ရှင်ဘုရင်ကြီးအဖြစ် ပြန်လည်ကြွဆင်းလာမည့် အကြောင်းဟောပြောနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ရှင်ပေတရုသည်အစပြု၍ ရဲဝံ့ပြတ် သားစွာဖြင့် သချိုင်းကြီးက ယေရှုခရစ်တော်ကို ချုပ်နှောင်ထား ခြင်းမရှိနိုင် ကြောင်း ကြေညာသွားခဲ့ပါသည်။ ပေတရုက သခင်ခရစ်တော်ဟောပြော နေကျစကားကို ကောက်ယူ၍ဆာလံ ၁၁၀ း ၁ ပါအတိုင်း ယေရှုခရစ်တော်သည် သူ၏ရန်သူ ဟူသမျှ၊ သူ့ခြေတော်အောက်သို့ ခေါင်းငုံ့လာကြသည်အထိ၊ ကောင်းကင်ဘုံ၌ စံမြန်းခြင်း ဖြစ်ကြောင်း အကျယ်တဝင့်ဟောပြောရှင်းလင်းနိုင် ခဲ့သည်။ သူသည် အမိန့်သံပါပါ ဓမ္မဟောင်းကျမ်းကိုရည်ညွှန်း ပြောဆိုခဲ့သည် (တ ၂း၃၄-၃၅)။ နောက်တစ်ချက်မှာ သမ္မာကျမ်းစာသည် နောင်ကာလဖြစ်ပျက်လာမည့် အကြောင်း ကိုသာ ဖော်ပြခြင်း မဟုတ်ပါ။ ကျမ်းစာထဲရှိ အကြောင်းအရာများသိရှိခြင်းအားဖြင့် ထိုကဲ့သို့သော နောင်အခါကာလကြီးအတွက် စာဖတ် သူများက ပြင်ဆင်မှုရှိကြရန် အတွက် လေးနက်သော ကြံရွယ်ချက်ရှိပါသည်။

“သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၄င်း၊ အစိုးရသော အရှင်အရာ၌၄င်း၊ ခန့်ထားတော်မူသည့်အကြောင်းကို . . . . . သင်တို့၏အပြစ်ကို လွှတ်ခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့” (တ ၂း၃၆-၃၈)။

ထို့ကြောင့်ခရစ်ယာန်များအနေဖြင့် ကျမ်းစာပါအမှန်တရားဖြစ်သော ယေရှုခရစ်တော်ပြန်ကြွလာမည့်အကြောင်းကိုစဉ်းစားရင်း မိမိစိတ်နှလုံးကို မိမိမညှာမတာ (တကယ်ယုံကြည်သူဟုတ်မဟုတ်)စစ်ဆေးရပါမည်။

## ဓမ္မသစ်ကျမ်းပါအခြားသောရေးသားချက်များ

Other New Testament writings

ဓမ္မသစ်ကျမ်းပြုဆရာတို့သည် မည်သည့်အကြောင်း ရေးသားခဲ့ခြင်းကိုလည်းကြည့်ရှုပါ။ ရှင်ပေါလု၏ သက်သာလောနိတ်အသင်းတော် ပေးစာကိုပင်ကြည့်ပါ။ ယေရှုခရစ်တော်ပြန်ကြွလာမည့် အကြောင်းအရာဘာသာရပ်ကို ဗဟိုပြု၍ ရေးသားကြောင်းမြင်တွေ့နိုင်ပါသည်။

- နောင်လာမည့် အမျက်ဒေါသထဲက ကယ်တင်နိုင်သူ ဘုရားရှင်သားတော်အား စောင့်မျှော်ကြလော့။ (၁း၁၀)
- သင်တို့ဝမ်းသာခြင်းစောင့်မျှော်ခြင်းသည်အဘယ်နည်း။ သူပြန်ကြွလာမည့်အချိန်မျှော်လင့်ခြင်းတရားပါယေရှုခရစ်တော်ပြန်ကြွလာခြင်းရှေ့မှောက်၌နေထိုင်ကြမည်မဟုတ်လော။ (၂း၁၉)
- ခရစ်တော်နှင့်သူ့သူတော်စင်များကြွလာချိန်၌ သင်တို့၏စိတ်အား ချမ်းအေးစေအံ့။ (၃း၁၃)



ကယ်တင်ရန် ယေရှုခရစ်တော်ကြွလာခြင်းဖြစ်သောကြောင့်တည်း။ ဘုရားသခင်၏ဂတိတော်များကို စိတ်ရောကိုယ်ပါယုံကြည်ကိုင်းရှိုင်းမှုမရှိဘဲ သက်သေထောက်ထားနှင့်အကြောင်းပြနိုင်မှုယုံကြည်ခြင်းသည် အချည်းနှီးသာဖြစ်ပါသည်။ ကယ်တင်ခြင်းမရနိုင်ပါ။ ခရစ်တော်ကတပည့်တော်တို့အား မိန့်တော်မူသောအခါ အဖြစ်အပျက်များအပေါ် ဂရုစိုက်ရန်ထက်ပြန်ကြွလာရမည့်အကြောင်းအရာအပေါ် ပိုပြီးအလေးပေးဂရုစိုက်ရန်မိန့်တော်မူခဲ့ပါသည်။ ယခုအချိန်မှာလည်း မည်သည့် အချိန်၌ခရစ်တော်ကြွလာမည်ကို မသိနိုင်ကြပါ။ သို့သော်သူကြွလာသောအခါ ဤလောကအသက်ရှင်တုန်းဘဝက ဘာတွေလုပ်ခဲ့သည်၊ မည်သို့ မည်ပုံကျင့် ကြံနေထိုင်ခဲ့သည်အစရှိသည်များကိုစစ်ဆေးမေးမြန်းခံရမည်ကို သေချာစွာနားလည်ထားကြရပါမည်။ သတိပေးသံများကို စဉ်းစားပါ။

“သတိပြုလော့ . . . လမ်းမှားသို့အပို့မခံနှင့် . . . စိတ်ဒုက္ခမရှိရ . . . သင့်ကိုသင်ဘယ်လိုနေထိုင်ကျင့်ကြံသည်ကို ပြန်စစ်ဆေး . . . သတင်းကောင်းတရားဟော . . . စိတ်မလောရ . . . အဆုံးတိုင်ဒုက္ခခံပါ . . . သွေးသားတောင့်တခြင်းမှ ထွက်ပြေးလိုက် . . . ဆုတောင်းပါ . . . အမှုတော်ဆောင်အတုများကိုမယုံနှင့် . . . သတိထားခေါင်းမော့ပြီး နားစွင့်ကာ ကမ္ဘာကြီး၌ဖြစ်ပျက်နေသည်ကိုကြည့်ပါ. . . သင့်ကိုသင်သတိနှင့် နေပါ . . . စောင့်ကြည့်ပါ . . . အဆင်သင့်ဖြစ်နေပါ. . . (မဿဲ ၂၄၊ မာကု ၁၃နှင့်လုကာ ၂၁)။

တမန်တော်တို့ကလည်းအထက်ပါအတိုင်း သတိပေးဟောဆိုခဲ့ကြကုန်၏။

(၂ပေ-၃း၁၁-၁၄ -) “ဤအရာအလုံးစုံတို့သည်အကုန်အစင်ပျက်သုဉ်းပျောက်ပြယ်လိမ့်မည်။ . . . ထိုသို့မျှော်လင့်ခြင်းရှိသောကြောင့်၊ ချစ်သူတို့၊ သင်တို့သည် အညစ်

## အရှင်ဘုရားကြွလာတော့မည် (The Lord will come !)

ကမ္ဘာ့အစိုးရမင်းများ၏ အုပ်ချုပ်ခြင်းခံရသော အချိန်ကုန်ဆုံးခါနီးတွင် လူတွေ ထိတ်လန့်ကြောက်ရွံ့သွားလောက်အောင် ကောင်းကင်ဆိုင်ရာ တန်ခိုးအာဏာသည် လှုပ်ခါမှုရှိလိမ့်မည်။ နိုင်ငံအများသည် ယေရုရှလင်မြို့အား စစ်တိုက်ရန်ဝိုင်းရံလာကြမည်။ ထိုအချိန်တွင်ယေရှုခရစ်တော်လည်း ကျယ်လောင်သောအသံဗလံများနှင့်အတူ ကောင်းကင်တမန်များခြံရံလျက် လူသူအားလုံးမြင်တွေ့နိုင်သော အနေအထားဖြင့် ဆင်းသက်လာမည်။ လူတို့မမျှော်လင့်ဘဲ ကြီးကျယ်ခမ်းနားပြီး တန်ခိုးတော်အနန္တနှင့်ကြွလာကာသစ္စာရှိရှိ အနစ်နာခံရင်း ယေရှုခရစ်တော်အလာကို သတိရှိရှိစောင့်မျှော်နေသူများထံသို့ ကယ်တင်ခြင်းကို ဆောင်ခဲ့သည်။ သို့သော် ပေါ့ဆစွာနေထိုင်ပြီး သစ္စာရှိသည်ဂတိတော်နှင့် ဘုရားသခင်၏ဖိတ်ခေါ်ခြင်းကိုလျစ်လျူရှု၍ လောကစည်းစိမ်ချမ်းသာခြင်းကို လိုက်စားသူများမှာမူ တရားစီရင်ခြင်းခံကြရမည်။

"ထိုသခင်သည်မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော်ထင်ရှားခြင်းကိုငှါ၊ ငါတို့သက်သေကိုသင်တို့ယုံကြည်သည်ဖြစ်၍၊ ယုံကြည်သောသူအပေါင်းတို့အားဖြင့်အံ့ဩချီးမွမ်းခြင်းကိုငှါ၊ ခံအံ့သောငှါ ကြွလာတော်မူမည့်နေ့ရက်၌၊ ထိုသူတို့သည် ဘုရားရှင်၏မျက်နှာတော်နှင့်ငှါ၊ တန်ခိုးရှိသောဘုန်းတော်နှင့်ငှါ ကွာ၍ ထာဝရပျက်စီးခြင်းအပြစ်ဒဏ်ကိုခံကြရလတံ့" (၂သက်-၁း၉-၁၀)။

ထို့ကြောင့်သမ္မာကျမ်းစာပါဂတိတရားများကို ယုံကြည်ရန်မှာအလွန်ပင် အရေးကြီးလှပါသည်။ အပေါ်ယံကြည့်ကောင်း၊ ကြားကောင်းအောင် ခရစ်တော်ကြွလာခြင်းသို့ စောင့် မျှော်ပါသည်-ဟုပေါ့ပေါ့ဆဆပြောဆိုရုံနှင့်မရပါ။ အကြောင်းမူကားစစ်မှန်သောယုံကြည်သူများ (အမိန့်စကားလိုက်နာကျင့်သုံးသူများ)ကိုသာ



- ကြီးမားစွာအော်ဟစ်သံနှင့်အတူ ကိုယ်တော်တိုင်ကောင်းကင်ဘုံမှဆင်းသက်လာမည်။ (၄း၁၆)
- သူခိုးသည်ညအချိန်တွင်လာတတ်သကဲ့သို့ ကိုယ်တော်၏နေ့ရက်သည်လည်းဖြစ်လိမ့်မည်။ (၅း၂)
- သခင်ယေရှုခရစ်တော်ပြန်ကြွလာချိန်၌ သင်တို့၏ဝိညာဉ်၊ စိတ်နှလုံးနှင့်ကိုယ် (၃)ပါးစလုံးအပြစ်တင်ခြင်းမှ ကင်းလွတ်ကြရန် ဘုရားရှင်ထံဆုတောင်းပေးပြီ။ (၅း၂၃)

ဤမျှမက လေ့လာဖတ်ရှုနိုင်ပါသည်။ အကြောင်းမှာခရစ်တော် ပြန်ကြွလာမည့်အကြောင်းသည် ဓမ္မသစ်ကျမ်းအားလုံး၌ ဆက်တိုက်ပါရှိနေသောကြောင့်ဖြစ်၏။ သို့ဖြစ်ပါ၍ ခရစ်ယာန်တို့၏နေ့စဉ် အသက်တာတည်ဆောက်ပုံ၌ လက်တွေ့ကျကျအမြဲတမ်းဆက်နွယ်မှု ဖြစ်ရပါမည်။ ပြန်ကြွလာမည်မှာ သေချာသောကြောင့် သတိမလစ်ဂရုစိုက်ကြရန် ကျမ်းစာကသတိပေး၏။ စစ်မှန်သောယုံကြည်သူ ဖြစ်ရိုးမှန်လျှင် ကျွန်ုပ်တို့လည်း ပါဝင်ကြပါသည်။

## ဓမ္မဟောင်းပါဟောပြောသွန်သင်ချက်

Old Testament teaching

ဘုရင်မင်းအနေဖြင့်ပြန်ကြွလာမည့် ခရစ်တော်နှင့်ပတ်သက်၍ ဘုရားသခင်၏ကြံစည်ခြင်းမှာဓမ္မသစ်ကျမ်းထဲ၌အကြိမ် (၃၁၈) ပါရှိသကဲ့သို့ ဓမ္မဟောင်းထဲမှာလည်း (၁၅၂၇) ကြိမ်ပါရှိ၏။ အကြိမ်ရေတွက်သည် အရေးမကြီးသော်လည်း ကျမ်းပိုဒ်များအပေါ် ထင်မြင်ယူဆပုံကွာခြားမှုရှိနိုင်ပါသည်။ သို့သောစာဖတ်သူများကမူ ကျမ်းစာ၌ခရစ်တော်ပြန်ကြွလာသည့် ကိုးကားချက်မှာ ၅ဆခန့်ရှိကြောင်းထင်မြင်ယူဆကြသော်လည်း ဂရုမစိုက်ဖြစ်လာကြသည်မှာ နှစ်နှင့်ချီ၍

ကြာခဲ့ပါပြီ။ အမှန်မှာဓမ္မဟောင်းကို သေချာဖတ်မှ ဓမ္မသစ်ကိုနားလည်နိုင်ကြောင်းသိရှိထားရပါမည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်သည် အချင်းချင်းဆက်နွယ်ပတ်သက်မှု ရှိပါသည်။ ဓမ္မဟောင်းပါ ကြိုတင်ဟောချက်သည် ဓမ္မသစ်ထဲအချို့မှန်ကန်မှု ရှိလာကြောင်း တွေ့မြင်နိုင်ပါသည်။ သို့သော်များစွာသော ဓမ္မဟောင်းပါဟောကိန်းများသည် မှန်ကန်ပြည့်စုံမှုမရှိကြသေးပါ။ မြေကြီးကို အုပ်ချုပ်မည့်သူအဖြစ် ဘုရားရှင် ဂတိတော်ပါရှင်ဘုရင် အကြောင်းကို စဉ်းစားကြည့်ပါ။ "စုံလင်မှန်ကန်ပြီးလား" - ဟုမိမိကိုယ်ကို မိမိမေးပါ။

၁။ ကမ္ဘာဦးကျမ်း ။ ။ သင်၏ မျိုးနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏မျိုးနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည် (၂၂း၁၇-၁၈၊ တ - ၃း၂၅၊ ဂလ ၃း၁၆)

၂။ ၂ရာ ။ ။ သင်သည် အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူ အိပ်ပျော်သောအခါသင်၏ရင်သွေး၊ သင်မှဆင်းသက်သောသားကို ငါချီးမြှောက်၍ သူ၏နိုင်ငံကို တည်ထောင်မည်။ ထိုသားသည် ငါ၏နာမအဖို့ အိမ်ကိုဆောက်လိမ့်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲ ငါတည် စေမည်။ (၇း၁၂-၁၃)

၃။ ဆာလံကျမ်း ။ ။ ထာဝရဘုရားက သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကိုငါဖြစ်ဖွားစေပြီ။ ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာအဖို့ ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သော အခွင့်ကိုလည်း ငါပေးမည်။ (၂း၇၊၈ တ ၄း၂၅-၂၆)။

ထိုမင်းသည် ကိုယ်တော်၏ လူတို့၏ ဒုက္ခဆင်းရဲကို ခုခံချေပလျက် . . . . ပင်လယ်တစ်ပါးမှ တစ်ပါးတိုင်အောင်၄င်း၊ မြစ်မှသည် မြေကြီးစွန်းတိုင်အောင် ၄င်းအစိုးရတော်မူလိမ့်မည်။ (၇၂း၆-၈)။



ပြန်ကြွလာမည့် အခြေအနေနှင့်ပတ်သက်၍ရှင်ပေါလု၏ သက်သာလောနိတ် အသင်းတော်ထံ ပထမဩဝါဒစာစောင်၌သာ အဓိကသွန်သင်ထားခြင်းဖြစ်ပါသည်။ "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံ ပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌သေလွန်သောသူတို့သည်အဦးပြန်ရှင်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်ရှိစေခြင်းငှါ၊ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသော အားဖြင့်သခင်ဘုရားနှင့်အတူအစဉ် မပြတ်နေရကြလိမ့်မည်" (၁သက် ၄း၁၆-၁၇)။

"ချီဆောင်ခြင်း"ဟူသောစကားလုံးသည် သိမ်းဆည်းခြင်း(ရိတ်သိမ်းခြင်း) ဆိုသောအဓိပ္ပါယ်သက်ရောက်ပါသည်။ ထို့ကြောင့်ဘေးဒဏ်ဆိုးကြီးကာလထဲ၌ ယုံကြည်သူများပါဝင်ကြမည် ဟူသောအယူအဆသည်ကျမ်းစာက (အထူးသဖြင့် ဗျာဒိတ်တော်ကျမ်းက) လုံးဝမထောက်ခံပါ။ ရှင်ပြန်ထမြောက်လာသူနှင့်အသက်ရှင်ရင်းဘဝတပါးသို့တမဟုတ်ချင်းပြောင်းလဲသွားသောစစ်မှန်သည့်ခရစ်ယာန်များသည်မိုးတိမ်ထဲသို့(ကောင်းကင်ယံသို့)ချီမခေါ်ဆောင်ခြင်းရှိရမည်ဆိုသည်မှာ အသေချာဆုံးကျမ်းပိုဒ်ဖြစ်နေပါသည်။ သူတို့သည်ခရစ်တော်ကြွရောက်လာစဉ် ကောင်းကင်တမန်တော်တို့နှင့်ပူးပေါင်း သွားပြီးကြိုဆိုဧည့်ခံသူအဖွဲ့ဖြစ်သွားရမည်။ ထိုအခါသူတို့က ခရစ်တော်ကိုသွားရောက်တွေ့ဆုံကြိုဆိုမည်ဖြစ်ပါသည်။ ခရစ်တော်ကသူတို့အား လာရောက်တွေ့ဆုံခြင်းမဟုတ်ပါ။ သူတို၏ပန်းတိုင်သည် မဟာမင်းကြီး၏မြို့တော်ကြီးဖြစ်သော ယေရုရှလင်မြို့ဖြစ်သည်ကိုကျမ်းစာ၌ ရှင်းလင်းစွာတွေ့ရှိပါသည်(ဇာ ၁၄း၄ နှင့် မ ၅း၃၅)။

အရိပ်လက္ခဏာပြနိုင်ငံဖြစ်သော အစ္စရေးလ်နိုင်ငံပြန်လည် ထူထောင် တည်ရှိခြင်းသည်နောက်ဆုံးကာလသို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း သက်သေအထောက်အထားဖြစ်ပါပြီ။

## ချီဆောင်သွားခြင်းအကြောင်း (The "rapture")

စစ်မှန်သောယုံကြည်သူများ ယေရှုခရစ်တော်အပေါ်သစ္စာရှိသူများအတွက်ဘာဖြစ်လာဦးမည်နည်း။ ခရစ်တော်ကြွလာလျှင်သူနှင့်အတူကောင်းကင်ဘုံသို့လိုက်ပါသွားနိုင်ကြမည်လော။ ဖြစ်နိုင်ဖွယ်ရာခဲယဉ်းပါသည်။ အကြောင်းမှာ ယေရှုခရစ်တော်သည်ယေရုရှလင်မြို့တော် မှနေ၍တကမ္ဘာလုံးကို အုပ်ချုပ်သွားမည်ဖြစ်သည်။ အချို့ကျမ်းစာပညာရှင်များကမူ ယေရှုခရစ်တော် (၂)ကြိမ်ကြွလာမည်ဟု ထင်ကြေးပေးကြသည်။ ဤအတိုင်းဆိုလျှင် ပထမအကြိမ် ကမူယေရှုခရစ်တော်သည်အသင်းတော်ခေါ်ဆောင်သွားရန်အတွက် ပထမအကြိမ်အဖြစ်ကြွဆင်းကာ အသင်းတော်ကြီး (စစ်မှန်သောယုံကြည်သူများ) တိတ်တဆိတ်ချီဆောင်သွားရမည်။ ပြီးမှအသင်းတော် (စစ်မှန်သော ယုံကြည် သူများ) နှင့်အတူပြန်လည်ကြွလာမည်။ ဤအကြိမ်ကြွလာခြင်းသည် ကမ္ဘာကြီးတစ်ခုလုံးအတွက်ဖြစ်ပြီးအားလုံးကြားနိုင်သော တံပိုးမှုတ်သံနှင့် အတူအားလုံးမြင်နိုင်သောပုံစံဖြင့်ကြွလာမည်ဟုဆိုကြသည်။ ဤအဆိုအရတချို့က ဤပထမနှင့် ဒုတိယကြွလာခြင်းအကြား၌ တိုတောင်းသောအချိန်ကာလဖြစ်မည်။ တချို့မှာ(၇) နှစ်ကာလခန့်ကွာခြားမည်ဟုယူဆကြသည်။ သို့သော် ဤယူဆချက်ကိုထောက်ခံရန်အတွက်ညွှန်းဆိုသော ကျမ်းချက်အနည်းအကျဉ်းသာရှိပါသည်။ ခရစ်တော် ပြန်ကြွလာစဉ်အပေါင်းအဖေါ်များ၌ ခွဲခွါရမည်ဟူသော အညွှန်းကျမ်းချက်သည် ပါရှိသော်လည်း ဤအယူအဆကို ထောက်ခံသောသဘောမပါပါ (လု - ၁၇း၃၄-၃၆)။



၄။ ဟေရှာယ ။ ။ နောက်ဆုံးသော ကာလ၌ ထာဝရဘုရား၏ အိမ်တော်တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ ထိပ်ပေါ်မှာ ချီးမြှောက်၍ တည်လိမ့်မည်။ . . . တရားတော်သည် ဇိအုန်တောင်မှ၄င်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှ၄င်း ပေါ်ထွက်လိမ့်မည်။ ထာဝရဘုရားသည် လူမျိုးတို့တွင် တရားစီရင်သူဖြစ်မည်။ (၂း၂-၄)

ဒါဝိဒ်မင်း၏ ရာဇပလ္လင်ပေါ်မှာထိုင်၍၊ နိုင်ငံတော်ကို နောင်ကာလအစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာ စီရင်၍ အမြဲတည်စေတော်မူမည့်အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်။ (၉း၇)။

### (၅)။ **ယေရမိအနာဂတ္တိကျမ်း**

ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ သန့်ရှင်းသောအညွန့် ကိုဒါဝိဒ်အဘို့ ငါပေါက်စေသည်အတိုင်း၊ ဉာဏ်ကောင်းသော ရှင်ဘုရင်တစ် ဦးသည်စိုးစံ၍၊ မြေကြီးပေါ်မှာ တရားသဖြင့်ဖြောင့်မတ်စွာစီရင်ရာကာလသည် ရောက်လိမ့်မည်။ ထိုမင်းလက်ထက်၌ ယုဒပြည်သည်ကယ်တင်ခြင်းသို့ ရောက်၍၊ ဣသရေလပြည်လည်း ငြိမ်ဝပ်စွာနေရလိမ့်မည်။ ထိုမင်းသည် ယေဟောဝါဇေဒကနုဟူသောဘွဲ့နာမရှိလိမ့်သတည်း (၂၃း၅-၆)။

## <u>ဘုရားရှင်၏နိုင်ငံတော်</u> (The Kingdom of God)

ဤကမ္ဘာကြီးကိုသူအုပ်ချုပ်မည့်အကြောင်း ဘုရားရှင်က အကြိမ်ပေါင်းများစွာဂတိပြုတော်မူခဲ့ပါသည်။ လူသားများမတတ်နိုင်သောအရာကို သူတည်ထောင်မည်။ အုပ်ချုပ်သူဘုရင်သည် ဒါဝိဒ်နှင့်အာဗြဟံတို့မှ ဆင်းသက်လာသူဖြစ်ပါသည် (မ ၁ း ၁)။ ဒါဝိဒ်မင်းကြီး၏ရာဇပလ္လင်ပေါ်၌စံမြန်းရင်း ယေရုရှလင်မြို့မှ၊

တစ်ကမ္ဘာလုံးကိုအုပ်ချုပ်သွားမည် (လု-၁း၃၁-၃၃)။ ဖြောင့်မတ်စွာနှင့်တရား မျှတစွာအုပ်ချုပ်သွားမည်။ ဘုရားနှင့်ဆိုင်သောပညာရေးစနစ်ဖြင့်သင်ကြားမှုများ၊ ဗိမာန်တော်၌ ဝတ်ပြုခြင်းများနှင့် ဘုရင်၏အခွင့်အာဏာကို ဤလောကကြီးအား ငြိမ်းချမ်းစွာအုပ်ချုပ်ရာတွင် အသုံးချကျင့်သုံးမည် (ဗျာ-၁၁း၁၅-၁၈)။

ဘုရားရှင်၏နိုင်ငံတော်စနစ်ကို တခေတ်တခါတုန်း၌ကျင့်သုံးအုပ်ချုပ်မှုများရှိခဲ့ဖူးပါသည်။ ဒါဝိဒ်မင်းကြီးနှင့်မျိုးဆက်တို့က ဘုရားရှင်အုပ်ချုပ်မှုစနစ်ကို ကျင့်သုံးခဲ့ကြဖူးပါသည် (၆ရာ ၂၈း၅)။ ရာဇပလ္လင်နှင့်ပတ်သက်၍ အထူးအထွေပြောစရာမရှိပါ။ ဘုရားရှင်မှခန့်အပ်ခြင်းသည်သာအရေးကြီးပြီး ဘုရင်လုပ်သူများက ဘုရားရှင်ကိုမေ့လျော့ပေါ့ဆသွားကြသောအခါ ထိုဘုရင်စနစ်ကိုဘုရားရှင်က အဆုံးသတ်ရုပ်သိမ်းတော်မူခဲ့ပါသည်။ ပရောဖက်ယေဇကျေလက ဇေဒကိမင်းကြီးထံ ဘုရားရှင်အုပ်ချုပ်သောစနစ် အဆုံးသတ်တော့မည်ကို ဟောပြောရာတွင် “ဘုရားရှင်က သူ၏နိုင်ငံတော်ကို ဤလောက၌ ပြန်လည်တည်ထောင်သွားမည့် အကြောင်း”ကိုပါထည့်ပြောခဲ့ပါသည်။ ထို့ကြောင့်ယေရှုခရစ်တော် ပြန်ကြွလာ ခြင်းအကြောင်းကို အင်မတန်ခိုင်မာသော ဓမ္မဟောင်းကျမ်းပါ အဖြစ်အပျက်များကို နောက်ခံထားရင်းနားလည်ရန်ဖြစ်ပါသည်။ နိုင်ငံတော်တည်လုနီးပြီဆိုသော အကြောင်းကို ယေရှုခရစ်တော်ကဖော်ထုတ်ဟောပြောသောအခါ သူသည် ဘုရားရှင်မှဂတိတော်ပြုခဲ့သောသူဖြစ်ကြောင်းကို ဓမ္မဟောင်းကျမ်းရှိ ဂတိတော် အကြောင်းသိရှိသူများထံ ဟောပြောခြင်းဖြစ်ပါသည် (မာ ၁း၁၅)။ သို့သော် ပထမအကြိမ်ဤလောကသို့ ကြွလာစဉ်၌မူ ပုဂ္ဂိုလ်ချင်းနှင့်ဆိုင်သော ဖြောင့်မတ်ခြင်းတရား ကျင့်သုံးခြင်းကို ဦးစားပေးပြီး ထိုကဲ့သို့ဖြောင့်မတ်သူဖြစ်ပြီးမှ ဘုရားရှင်၏ သားသမီးများဖြစ်လာခွင့်ကိုပါ လမ်းဖွင့်ပေးတော်မူခဲ့ပါသည်။ ထို့ကြောင့် ယနေ့ကာလသည် ခရစ်တော်၏ကယ်တင်ခြင်းကျေးဇူးတော်ကို



နေကြလိမ့်မည်။ . . . စိုးရိမ်စရာမရှိဘဲ စိတ်ချစွာ နေထိုင်ကြလိမ့်မည်။ (၁၁း၁၇၊ ၂၈း ၂၅,၂၆)။

ဇာခရိ ။ ။ဆောင်ခဲ့သဖြင့်၊ သူတို့သည် ယေရုရှလင်မြို့ထဲမှာနေရကြလိမ့်မည် (၈း၈)။

အထက်ပါပရောဖက်များဟောကိန်းထုတ်ခဲ့သည့် အတိုင်းပြည့်စုံမှန်ကန်လာခြင်းဖြစ်ပါသည်။ နှစ်ပေါင်း(၂၀၀၀)နီးပါးကမ္ဘာအရပ်ရပ်သို့ပြန့်ကြဲရောက်ရှိသွားကြပြီး အနိုမ်ခံရာမှကုလသမဂ္ဂကြီး၏ခွင့်ပြုချက်ဖြင့် (၁၉၄၈)ခုနှစ်တွင်မှအစ္စရေးလ်နိုင်ငံဆိုပြီးပြန်လည်မွေးဖွားလာခဲ့ပါသည်။ သို့သော်(၁၉၆၇)ခုနှစ်ကျမှယေရုရှလင်မြို့တော်တခုလုံးကိုဂျူးလူမျိုးတို့ကပြန်လည်ရယူနိုင်ခဲ့ပြီး ပိုင်ဆိုင်လာခဲ့ကြသည်။ ယေရှုခရစ်တော်ကြိုတင်ဟောကိန်းထုတ်ခဲ့သည့်အတိုင်းသာတချိန်လုံးဖြစ်ပျက်လာခဲ့ပါသည်။

“သူတို့သည်ဓားဘေးဖြင့် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။ အခြားသောတိုင်းပြည်အရပ်ရပ်သို့ဖမ်းသွားကြလိမ့်မည်။ တပါးအမျိုးသားတို့သည်မိမိ တို့ချိန်ကာလမပြည့်စုံမှီတိုင်အောင်ယေရုရှလင်မြို့ကြီးကို ခြေနှင့်နင်းကြလိမ့်မည် (လု - ၂၁း၂၄)။

အခြေအနေအရပ်ရပ်သည် ယခုအခါ တပါးအမျိုးသားတို့ အချိန်ကာလကုန်ဆုံးလုပြီဖြစ်သောကြောင့်ဖော်ညွှန်းလျက်ရှိရာ ဘုရားရှင်၏နိုင်ငံတော်ပြန်လည်ဝင်ရောက်တည်ရှိရန်တာစူစိုင်းပြင်းလျက်ရှိနေပါသည်။ ထို့ကြောင့် အချက်ကြီး (၂) ချက်ဖြစ်သော ဘေးဆိုးကြီးကာလအကြောင်းနှင့်အစ္စရေးလ်လူမျိုးတို့ သူတို့၏မူလတိုင်းပြည်ပြန်လည်ဝင်ရောက်ထူထောင်လာနိုင်ခြင်းတို့သည် သံသယကိုချေဖျောက်နိုင်ခဲ့၏။ မကြာခင် ယေရှုခရစ်တော်ပြန်လည်ကြွဆင်းလာပြီး အစ္စရေးလ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးကို အုပ်ချုပ်တာဝန်ယူတော့ မည်သာ ဖြစ်သတည်း။

(အစ္စရေးလ်) လူမျိုးတို့ သည် တိုင်းမဲ့ပြည်မဲ့ဘဝဖြင့် ကမ္ဘာအရပ်ရပ်သို့ရောက်ရှိကြကုန်ပြီး သူတို့ရောက်ရှိရာ နေရာဒေသတိုင်း၌ လူတို့၏မုန်းတီးမှုကို ခံလာခဲ့ကြသည်။ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းကိုကြုံလာခဲ့ကြပါသည်။ ဤသည်မှာ သမ္မာကျမ်းစာပါကြိုတင်ဟောကိန်းထုတ်ခြင်းအတိုင်း ပြီးပြည့်စုံလင်ခြင်းသာ ဖြစ်ပါသည်။

သို့သော်ဤလူမျိုးအတွက် ကောင်းသောအနာဂတ်ရှိသေးကြောင်းသမ္မာကျမ်းစာ၌ပါရှိပါသည်။ သူတို့စိတ်ထားအကျင့်ပြောင်းလဲခြင်းကြောင့်မဟုတ်ဘဲ ဘုရားရှင်၏သနားကြင်နာမှုကြောင့်ဖြစ်ပါသည်။ ဘုရားရှင်သည်သူတို့၏ဘိုးဘွားများထံပြုလုပ်ထားရှိတော်မူခဲ့သော ဂတိစကားတော်အားသူ့နာမတော်ချီးမွမ်းဂုဏ်တင်ခြင်းအဖြစ်လုပ်ဆောင်တော်မူခြင်းဖြစ်ပါသည်။ နောက်ဆုံးကာလခေတ်ရောက်ရှိလာသောအခါသူတို့ရောက်ရှိရာနိုင်ငံများမှ သူတို့ပိုင်မူလပြည်တော်ထဲသို့ အခြေချနေထိုင်ခွင့်၊ ပရောဖက်တို့ဟောကိန်းထုတ်ချက်အတိုင်းဖြစ်လာသည်။

ဟောရှာယ ။ ။ကြွင်းသောသူ၊ ယာကုပ်အမျိုး၌ ကြွင်းသောသူတို့သည်
တန်ခိုးကြီးတော်မူသောဘုရားသခင့်ထံသို့ပြန်လာကြလိမ့်မည်။
ထာဝရဘုရားကယ်လွှတ်တော်မူသောသူတို့သည် ပြန်လာ
၍၊ သီချင်းဆိုလျက်ထာဝရဝမ်းမြောက်ခြင်းသရဖူကို ဆောင်
လျက်၊ ဇိအုန်မြို့သို့ရောက်ကြလိမ့်မည် (၁၀း၂၁၊ ၃၅း၁၀)။

ယေရမိ ။ ။ဣသရေလလူမျိုးတို့ကိုအရပ်ရပ်သို့ကွဲပြားစေသောသူသည်
ပြန်လည်စုစည်းခြင်းအမှုကိုပြုတော်မူ၏ (၃၁း၁၀)။

ယေဇကျေလ ။ ။သူတို့ကိုဖြန့်ကြဲသောလူအမျိုးမျိုး နေရာအတိုင်းတိုင်း
အပြည်ပြည်တို့မှ ငါသိမ်းယူ၍၊ စုဝေးပြီးလျှင်၊ ဣသရေလ
ပြည်ကိုပေးမည်။ . . . ငါအရင်ပေးသောပြည်၌ သူတို့သည်



လက်ခံယုံကြည်၍အပြစ်လွှတ်ခြင်းရရှိပြီး၊ ဘုရားရှင်နှင့် ကျေအေးသူများဖြစ်ရန် အလားအလာရှိသောခေတ်ဖြစ်ပါသည်။ ပထမသတင်းကောင်းတရားနှင့် သမ္မာကျမ်းသွန်သင်ချက်ထဲ၌ပါရှိကုန်သော ယေရှုခရစ်တော်အကြောင်းနှင့် သူပြီးစီးအောင်မြင်ခဲ့သော အလုပ်များအကြောင်းကိုနားလည်ရန်လိုအပ်သည် ။ယုံကြည်သူများက သခင်ယေရှုသူတို့၏ အရှင်သခင်ဖြစ်ကြောင်းလည်း လက်ခံယုံကြည်ရပါသည်။ ထိုအချက်များကောင်းစွာ သိရှိသောအခါ၌သာ ယုံကြည်သူသည် ယေရှုခရစ်တော်၏ နာမတော်၌ရေနစ်သောဗတ္တိဇံကို ခံယူရန်ဖြစ်ပါသည် (တ ၈း၁၂ အရ)။

## ဘုရင်မင်းကြီးကိုကြည့်လော့။ (Behold your King !)

သို့သော်ခရစ်တော်သည်မည်သို့မည်ပုံပြန်လာမည်နည်း။ သူရောက်ရှိလာကြောင်းပင်မသိနိုင်သောပုံစံမျိုးဖြင့်(လူမသိသူမသိ)လာမည်လား။ အားလုံးကပင်မြင်နိုင်အောင်လာမည်လား။ လူ့ဇာတိခန္ဓာကိုယ်ဖြင့်ပေါ်လာမှာလား။ ဝိညာဉ်ခန္ဓာကိုယ်ဖြင့်ပေါ်လာမှာလား။ မြေကြီးပေါ်သို့ခြေတော်ချရောက်ရှိလာရုံဘဲလာမလား။

ယေရှုခရစ်တော်သည်လူ့ဇာတိပကတိဖြင့် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့ပါသည်။ ထို့ကြောင့်မြင်တွေ့ရသောသူဖြစ်ပြီး ကိုင်တွယ် နှုတ်ဆက်၍ရသော ခန္ဓာကိုယ်နှင့်ဖြစ်ပါသည် (၁ယော ၁း၁၊ လု ၂၄း၃၉-၄၀)။ လက်ဝါးကပ်တိုင်၏ဒဏ်ရာဒဏ်ချက်(အမာရွတ်)များပင် ထင်ထင်ရှားရှား နှင့်ဖြစ်ပါသည်။ သို့သော်သေဆုံးနိုင်သောလူသားမဟုတ်တော့ချေ။ လုံခြုံစွာပိတ်ထားသော အခန်းထဲ၌ကိုယ်ရောင်ပြပေါ်လာနိုင်ခဲ့သည်။ လူ့ခန္ဓာကိုယ် နှင့်ပင်ကောင်းကင်ဘုံသို့ တက်ကြွတော်မူခဲ့ပါသည်။ မြေကြီး၏ဆွဲငင်အား (Gravity) သည် ယေရှုခရစ်တော်

မြေပေါ်သို့ ပြန်ကျလာအောင်မလုပ်နိုင်ပါ။ သူ့တပည့်ရှေ့မှောက်၌ ရှင်းရှင်း ကလေး တက်ကြွသွားသကဲ့သို့ လူတွေအားလုံး မြင်နိုင်အောင်ပြန်လည်ကြွဆင်း လာမည်သာဖြစ်ပါသည်။ ကောင်းကင်တမန် ဆိုခဲ့သည်မှာ "ကြည့်ရှုလော့၊ သူသည်မိုးတိမ်နှင့်အတူကြွလာမည်၊ မျက်စိပါသူ လူသူအားလုံးက မြင်တွေ့ကြရမည်" (ဗျာ - ၁း၇)။

ထို့ကြောင့်ယုံကြည်ခြင်းအားဖြင့် မျှော်လင့်စောင့်စားနေသူ(စစ်မှန်သောခရစ်ယာန်)များကသာယေရှုခရစ်တော်ကိုမြင်တွေ့ရမည်သာမက - လူအားလုံး က မြင်တွေ့ကြလိမ့်မည်။ အချို့သည်ငိုကြွေးမြည်တမ်း ရကြလိမ့်မည်။ ထိုအခါသူတစ်ပါးကဤအရပ်၌ခရစ်တော်ရှိသည်။ ထိုအရပ်၌ ခရစ်တော်ရှိသည်ဟု ဆိုသော်လည်းမယုံကြနှင့်။ အကြောင်းမူကား၊ ခရစ်တော်၏ အယောင်ဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင်ကြီးစွာသော နိမိတ်လက္ခဏာ အံ့ဖွယ်သော အမှုတို့ကို ပြကြလိမ့်မည် (မ ၂၄း၂၃-၂၄)။ ထို့ပြင်ငြင်းခုံမှုမှာလည်း ယေရှုခရစ်တော် ကျွန်ုပ်တို့နှင့်အတူရှိနေပါသည်။ သူပြန်လည်ကြွလာလျှင် လူမသိနိုင်သော ပုံစံဖြစ်မည်ဟုလည်းမယုံ ကြည်ပါနှင့်။

အမှန်မှာဂရိဘာသာစကားဖြစ်သော ပါရိုးရှား(parousia)ခရစ်တော်ပြန်ကြွလာခြင်းကို ပြောဆိုရာမှာအသင့်တော်ဆုံးသောစကားရပ်ဖြစ်သည်။ အဓိပ္ပါယ်မှာ "ရှင်ဘုရင်တစ်ပါး အုပ်ချုပ်သူမင်းတစ်ပါး သူ့လူမျိုးနေထိုင်ရာ မြို့နယ်ကျေးရွာသို့ ရောက်ရှိလာသည်" ဟူ၍ဖြစ်ပါသည်(Arndt & Gingrich)။ ဤပုံစံအတိုင်း ဘုရင်တကာ့ဘုရင် ကြီးဤကမ္ဘာမြေကြီးတပြင်လုံး လူသားမျိုးနွယ်အားလုံးကို အုပ်ချုပ်ရန်ပြန်လည် ကြွဆင်းလာတော့မည် ! ! !

သက်တော်ထင်ရှားရှိစဉ်ကာလတုန်းက ယေရုရှလင်မြို့ထဲသို့လား



၂၆း၂၀-၂၁)။ "ထိုအမှုအရာတို့သည် ဖြစ်စရှိသောအခါသင်တို့ကိုရွေးနှုတ်သောအချိန်ကာလရောက်လုနီးသည်ကိုထောက်သဖြင့်၊ မျှော်ကြည့်၍ခေါင်းကိုကြွကြလော့ဟု မိန့်တော်မူ၏"(လု ၂၁း၂၈)။ ထိုဘေးဒဏ်ဆိုးကြီး ကုန်ဆုံးသည်ထိငါတို့စောင့်ကြည့်မည်မဟုတ်ပါ။ လွတ်မြောက်နိုင်သောလမ်းလည်းမရှိပါ။ ထို့ကြောင့်ယခုကတည်းက သင်ခန်းစာယူပြီးပြင်ဆင်မှုရှိရန်သာ လိုအပ်ပါသည်။ ခရစ်တော်မကြွလာခင်မိမိကိုယ်ကိုမိမိ ပြင်ဆင်မှု (စစ်ဆေးမှု) ပြုကြပါ။

## **အစ္စရေးလ်နိုင်ငံသည်အရိပ်ပြလက္ခဏာဖြစ်ခြင်း** (The nation of sign)

ခရစ်တော်ကြွလာခြင်းနှင့်ပတ်သက်သော သံသယပွားမှုကို ဖယ်ရှားနိုင်သည့် နိမိတ်လက္ခဏာကြီးရှိနေပါသည်။ အစ္စရေးလ်နိုင်ငံပြန်လည်ထူထောင်နိုင်ခြင်းပင်ဖြစ်၏။ ဘုရားရှင်၏မဟာအကြံအစည်အကောင်အထည်ဖော်ခြင်း၌ အစ္စရေးလ် ရာဇဝင်သမိုင်းသည် ခေတ်အဆက်ဆက်တိုင်း၌ လမ်းပြဖြစ်လာခဲ့ပါသည်။ သူတို့ကို ထူးခြားသောလူမျိုးဟုခေါ်ဆိုကြသည်မှာ သူတို့ဘိုးဘွားများအားဘုရားသခင်ဂတိတော်ရှိနေသောကြောင့်ဖြစ်ပါသည်။သူတို့ကို ယခုအစ္စရေးလ်နိုင်ငံဖြစ်နေသော နေရာဒေသကိုဘုရားရှင်ကအပိုင်ပေးတော်မူခဲ့၏။ ဘုရားရှင်အားနာခံမှုအနေအထားအပေါ်ပိုင်ဆိုင်မှုသည်သက်ဆိုင်ပါသည်။ သူတို့၌ဘုရားရှင်နိုင်ငံတော်ဤ လောကအပေါ် တည်ထောင်ခြင်းနှင့် အကျုံးဝင်သောရှင်ဘုရင်ရှိနေပါသည်။

သို့သော်သခင်ယေရှုကိုသူတို့၏မေရှိ အဖြစ်လက်မခံဘဲ ရောမတို့လက်ထဲအပ်ပြီးကားတိုင်ပေါ်တင်သတ်ခြင်းကိုပြုခဲ့သောကြောင့် နိုင်ငံပိုင်ဆိုင်မှုကို လက်လွတ်ဆုံးရှုံးသွားခဲ့ကြပါသည်။ သူတို့၏မြို့တော်ကြီး ယေရုရှလင်သည်လည်းအဖတ်ဆယ်မရအောင်လုံးဝဖျက်ဆီးခြင်းခံခဲ့ရပါသည်။ ထိုအချိန်မှစ၍ဂျူး

ပါသည်။ မကြာခင်ထိုစနစ်ကြီးစတင်ရတော့မည်။ ဘေးဒဏ်ဆိုးကြီးသည် ကမ္ဘာ့အုပ်ချုပ်ရေးကုန်ဆုံးပြီး ခရစ်တော်ကြွလာမည့်အကြောင်းကို နောက်ဆုံးသတိပေးခြင်းဖြစ်ပါသည်။ ထိုဘေးဒဏ်ဆိုးကြီးသည် မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလတွေ့ချိန်ဖြစ်မည် (ဒံ ၁၂း၁)။ အစ္စရေးလ်လူမျိုးတို့နှင့် ဆိုင်သော ယာကုပ်အမျိုး၌ဘေးဒုက္ခကြီး အချိန်ကာလဖြစ်ပြီး အကြီးမားဆုံး ဘေးဒဏ်ဆိုးကြီးလည်းဖြစ်ပါသည် (ယေ ၃၀း၇နှင့် မ ၂၄း၂၁ အရ)။

ဤဘေးဆိုးကာလကြီးကို ခရစ်တော်အားစောင့်မျှော်သူစစ်မှန်သောယုံကြည်သူများခံရမည်လော။ သို့မဟုတ် လွတ်ငြိမ်းချမ်းသာခွင့်ရမည်လော။ ယနေ့ခေတ်ယုံကြည်သူများခံရမည့်ပုံပေါ်ပါသည်။ ခရစ်တော်ကမိန့်တော်မူသည်မှာ "ရွေးချယ်တော်မူသောသူတို့အဖို့အလို့ငှါထိုကာလကို တိုစေတော်မူမည်" (မာ ၁၃း၂၀)။ သို့သော်နောက်ဆုံး၌ တရားသူကြီးရှေ့တွင် ရောက်ရှိလာသူများသည် "ကြီးစွာသောဆင်းရဲဒုက္ခထဲကထွက်မြောက်၍၊ မိမိတို့ဝတ်လုံကိုသိုးသူငယ်၏အသွေး၌ လျှော်၍ဖြူစေသောသူဖြစ်ကြသတည်း" (ဗျာ ၇း၁၄)။

ထိုဘေးဒဏ်ဆိုးကြီးအရှိန်တိုးမြင့်ရင်း ဘုရားရှင်၏အမျက်ဒေါသသည်လည်းဤကမ္ဘာမြေကြီးသို့သွန်းလောင်းသောအခါ စစ်မှန်သောယုံကြည်သူများကိုမူ ဘေးကင်းလုံခြုံရာသို့ခိုလှုံကြမည်ဖြစ်ပါသည်။ ဘုရားရှင်သည် လူ့ဘောင်ရေးရာ၌ ဝင်ရောက်စွက်ဖက်လာသောအခါ လူ့လောကအဖွဲ့အစည်းကြီးသည်လည်းကိုင်လှုပ်ခြင်းခံရမည်။

"ငါ၏လူတို့လာကြ။ အတွင်းခန်းထဲသို့ဝင်၍၊ သင်တို့ကိုကွယ်ကာသောတံခါးများကိုပိတ်ထားကြ။ အမျက်ကာလလွန်သည်တိုင်အောင်ခဏသာပုန်းရှောင်၍နေကြလော့။ အကြောင်းမူကား၊ ထာဝရဘုရားသည်မြေကြီးသားတို့ကိုသူတို့ဒုစရိုက်ကြောင့်အပြစ်ပေးလိုသောငှါ၊ မိမိအရပ်ဌါနထဲကထွက်တော်မူ၏"(ဟေရှာ



အကောင်စီးရင်းဝင်ရောက်ခဲ့သူယေရှုခရစ်တော်အားလူထုကြီးကသောင်းသောင်းဖျဖျမင်းခမ်းမင်းနားပုံစံကြိုဆိုသြဘာပေးခဲ့ကြပုံကိုစဉ်းစားပါ (မာ ၁၁း၁၀ ဖတ်ပါ)။ ထို့အဖြစ်အပျက်ကို ရှင်မဿဲက "ပရောဖက်ဇာခရိ၏ ဟောကိန်းထုတ်ခဲ့သောအရာများကိုမြည်းကြည့်ခြင်းသာဖြစ်သည်" ဟုရှင်းပြခဲ့ပါသည်။ (မာကု ၁၁း၁၀ဖတ်ပြီးမှ ဇာခရိ ၉း၉-၁၀ ကိုဆက်ဖတ်ပါ)။ဒုတိယအကြိမ်ပြန်ကြွလာပုံကိုတွေ့မြင်နိုင်ပါသည်။

"အိုဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ အိုယေရုရှလင်မြို့သတို့သမီး၊ ကြွေးကြော်လော့။ တရားသဖြင့်စီရင်၍၊ ကယ်တင်ခြင်းသို့ရောက်သောသခင်သင်၏ အရှင်မင်းကြီးသည် မြည်းမနှင့်မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ကြွလာတော်မူသည်ကိုကြည့်ရှုလော့။ . . . အာကာတော်လည်း ပင်လယ်တစ်ပါးမှသည် ပင်လယ်တစ်ပါးတိုင်အောင်၎င်း၊ မြစ်မှသည်မြေကြီးစွန်းတိုင်အောင်၎င်းတည်လိမ့်မည်" (ဇာ ၉း၉-၁၀)။

## **(၂)မျိုးပါဝင်သောပြီးပြည့်စုံလင်ခြင်း။** (Dual fulfilment)

ကျမ်းစာထဲ၌ပရောဖက်ပြုခြင်းကိုကျယ်ဝန်းသောပုံဖော်မှုကို ဖတ်ရှုနိုင်ပါသည်။ အချင်းအရာသဘောတရားအတိုနှင့်အရှည်ကို ဆက်စပ်ပေးထားကြောင်းသိမြင်နိုင်သည်။ ပရောဖက်ဟောကိန်းပါအတိုင်း လားကြီးတစ်ကောင်စီးရင်းနှိမ့်ချသောစိတ်ထားများကဝမ်းသာအားရ ကြိုဆိုခဲ့ကြပါသည်။ သို့သော်သူတို့၏ဝမ်းသာခြင်းသည်ကြာရှည်မခံခဲ့ပါ။ အကြောင်းမှာကမ္ဘာကြီးအပေါ် ငြိမ်းချမ်းရေးမတည်ဆောက်သည့်အပြင် ယေရုရှလင်မြို့တော်၌ ဌါနချုပ်ထားရင်းတကမ္ဘာလုံးကိုထာဝစဉ်အုပ်ချုပ် သွားမည်ဟူ၍လည်းယေရှုခရစ်တော်က တည်ဆောက်ခဲ့ခြင်း

မရှိပါ။ ဤသို့ပြုမူ ခြင်းသည်ပရောဖက် ဟောကိန်းအတိုင်း ရောက်ရှိလာသော "အရှင်သခင်" မှန်ကြောင်းဖော်ပြခြင်းဖြစ်ပြီး၊ သူသည်ဤလောကကြီးကို အပြီးအပိုင် အာဏာယူအုပ်ချုပ်ပြီး အခြေအနေအရပ်ရပ်ပြောင်းလဲ ဖွဲ့စည်းတည်ထောင်ရန် အတွက်ပြန်လည်ကြွလာဦးမည် ဟူသောဂတိစကားအပေါ် ယုံကြည်စိတ်ချခြင်းကို ပေးခဲ့ခြင်းသာဖြစ်ပါသည်။ဇာခရိသည်ကြွလာခြင်းကို အကျဉ်းချုပ် ဟောကိန်း ထုတ်ရာတွင် ပထမနှင့်ဒုတိယကြွလာခြင်းကြား ခေတ္တရပ်နားခြင်းများ မရှိပုံကိုဖော်ပြ သလိုဖြစ်နေပါသည်။ ထို့ကြောင့်အချို့က ပြန်လာတော့မည်မဟုတ်ဟု ယူဆ ကြောင်း၊ သူတို့ကပထမရာစုနှစ်၌ပင် ခရစ်တော်ကို မျှော်လင့်တော်မူခဲ့သော ကြောင့်ဟုပြောဆိုကြ၏။ ထိုပြောဆိုခြင်းအားဖြင့် ထိုခေတ်ဦး(ပထမရာစု)ထဲရှိ ယုံကြည်သူများအချို့ကို ယုံကြည်ခြင်းပျက်ပြားသွား အောင်ပြုလုပ်ခဲ့ကြဖူးပါသည်။ ယနေ့ကျွန်ုပ်တို့ ခေတ်ကာလ၌ ကားကျမ်းစာကို သေချာစွာဖတ်ရှုသောအခါ ထိုသူတို့၏ ယူဆပုံမှားယွင်းပြီးစစ်မှန်သော မျှော်လင့်ချက်တရားကို လက်ဝယ် ပိုင်ဆိုင်ထားကြသူများဖြစ်ကြပါပြီ။ ပြန်လည်ကြွလာခြင်းသည် "ချက်ချင်း အဖြစ် အပျက်ကိစ္စရပ်" မဟုတ်ကြောင်း ကျမ်းစာပိုဒ်များစွာထဲ၌ ပါရှိခဲ့ပါသည်။

## <u>**ခရစ်တော်ကိုယ်တိုင်မသိသောနေ့ရက်နှင့်နာရီ**</u> (The day and the hour)

"ထိုအချိန်နာရီကိုကား၊ အဘယ်သူမျှမသိ။ ကောင်းကင်တမန်မသိ။ ငါ့ခမည်းတော်တစ်ပါးတည်းသာသိတော်မူ၏"ဟုအတိအလင်းမိန့်ဆိုခဲ့ပါသည်။ (မ ၂၄း၃၆) တမန်တော် ၁း၇ကိုကြည့်လျှင်၊ သူပြန်ကြွလာချိန်သည် ခမည်းတော်၏ လက်တော်ထဲ၌သာရှိကြောင်း ခရစ်တော်ဟောဆိုတော်မူခဲ့ပါသည်။ ကြာမြင့်မည့် အကြောင်း ဥပမာပေးရင်းမိန့်ဆိုခဲ့ပုံကို (လု ၁၉း၁၁၊ မ ၂၅း၁၉၊ ၂၅း၃) ထဲ၌ဖတ်ရှုပါ။



ကြယ်နက္ခတ်တို့၌ ပုပ္ပနိမိတ် ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလည်း လူအမျိုးမျိုး မငြိမ်မသက် စိုးရိမ်ကြောင့်ကြခြင်း၊ သမုဒ္ဒရာရေလှိုင်းတံပိုးကြီးခြင်း၊ မြေကြီးပေါ်မှာ ဖြစ်လတံ့သော ဘေးများကိုမျှော်၍ကြောက်လန့်သဖြင့်၊ လူများတို့၏ အသက်ဆုံး ခြင်းအမှုအရာတို့သည် ဖြစ်ကြလိမ့်မည်။ ထိုအခါလူသားသည် ကြီးစွာသောဘုန်း တန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုးတိမ်ကိုစီးလျက် ကြွလာသည်ကို မြင်ရကြ လိမ့်မည် (လု - ၂၁း၂၅-၂၇)။

## <u>**ဘေးဒဏ်ဆိုးကျရောက်လာမည့်အကြောင်း**</u> (Tribualation)

ပင်လယ်လှိုင်းတံပိုးနှင့် နေ၊လ၊ကြယ်များ၌မြင်တွေ့ရမည့်နိမိတ်လက္ခဏာ များသည်အရိပ်အရောင်ပြစကားလည်းဖြစ်နိုင်သလို အရှိကိုအရှိအတိုင်းလည်း ဖြစ်နိုင်ပြီးနှစ်မျိုးပေါင်းလည်းဖြစ်နိုင်၏။ ဥပမာ - ဟေရှာယကမတရားသောသူတို့ မူကား၊ မငြိမ်နိုင်ဘဲလှုပ်ရှား၍၊ ရွှံ့နှင့်အမှိုက်ကိုပက်သောပင်လယ်ရေနှင့် တူကြ၏။ (ဟေရှာ - ၅၇း၂၀)။ သခင်ခရစ်တော်သည်လည်း လောကကြီးသည်အပြစ် ဒုစရိုက် ကြောင့် စိုးရိမ်ပူပန်သောကမအေးဖြစ်ကြပုံကိုထိုအတိုင်းနှိုင်းပြီး ဟောဆို ခြင်းဖြစ်နိုင်ပါသည်။ ခေတ်ကြီးကုန်ဆုံးတော့မည်ကိုအရိပ်ပြသောလောက သဘာဝမငြိမ်မသက်ဖြစ်မှုများသည် ဒီရေလှိုင်းကြီးအလားဖြစ်ကြောင်းဖြင့် ဟောပြောခြင်းဖြစ်နိုင်ပါသည်။ လွန်ခဲ့သောနှစ်အနည်းငယ်များထဲ၌ပင်မြေငလျင် လှုပ်ခြင်း၊ သဘာဝဘေးဆိုးကျရောက်ခြင်းများ ကမ္ဘာအရပ်ရပ်၌ဖြစ်ပွားခဲ့ပါသည်။ ရှင်ပေါလုသည်လောကကြီးတစ်ခုလုံး အော်မြည်ကြရင်းသားဖွားမည့်သူပမာ နာကျင်ခြင်းဒဏ်နှင့်အတူညည်းတွားနေသည် ဟုဟောဆိုခဲ့ပါသည် (ရော ၈း၂၂)။ ထို့ကြောင့်ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးသည် ခေတ်သစ်စနစ်ဖွားမြင်ခြင်းနှင့် ဆိုင်သော နာကျင်မှုကိုခံစားသောကြောင့် အော်ဟစ်ညည်းတွားနေသည်မှာ သေချာနေ

အပြစ်ဒုစရိုက်ကောင်ကြီးကို ဖော်ပြရာတွင် ပရောဖက်ဒံယေလ၏ ဟောကိန်း ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ထိုဟောကိန်းအရအရှေ့အလယ်ပိုင်း၌ အုပ်ချုပ်သောမင်း(၄)ပါး ပေါ်ထွန်းလာလိမ့်မည်ဟုပါရှိပါသည်။ သူတို့ကြောင့် မှားယွင်းသောဘာသာရေးပေါ်ပေါက်လာပြီး ရောမအစိုးရနှင့်ပုတ်ရဟန်း (Pope) တို့ ပါဝင်အုပ်ချုပ်သောခေတ်ဖြစ်လာချိန်တွင် စစ်မှန်သော ခရစ်ယာန်များ ညှင်းပန်း သတ်ဖြတ်ခြင်းနှင့်အတူ ခရစ်တော်ယေရှုကို ဆန့်ကျင်တိုက်ခိုက်သော အပြုအမူ များရှိလာမည့်အကြောင်းကိုဖော်ပြခြင်းဖြစ်ပါသည်။ ၎င်းကိုခရစ်ယာန်ဘာသာ အတုအယောင် ဟုရှင်ပေါလုကဖော်ပြပြီး ရှင်ပေါလုခေတ်တုန်းကပင် စတင်နေပြီး ဖြစ်ကြောင်းဖော်ပြသည့်အပြင် လျှို့ဝှက်နက်နဲသော မသမာမှုကြီးဟုပင် သမုတ် ထားခဲ့၏။ ကိုယ်တော်ရှင်ကိုယ်တိုင်ဟောခဲ့တော်မူသော နောင်ကာလ အရေး အခင်းများထဲ ၌ဒုက္ခဆင်းရဲခြင်းပြဿနာကြီးလည်းပါရှိပါသည်။ စစ်ပွဲဖြစ်ပွားပြီး မမှန်သတင်း ထွက်ပေါ်လာခြင်းများရှိလာရင်း သဘာဝဘေးဒဏ်ကျရောက်ခြင်း ရောဂါဘယကျရောက်ဖြစ်ပွားခြင်း၊ ငတ်မွတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ကောင်းကင်၌ တုန်လှုပ်ဖွယ် အချင်းအရာ ဖြစ်ပေါ်လာခြင်းများကြောင့်လူသူအများ ကြောက်ရွံ့ ပူပန်ခြင်းရှိလာမည့် အကြောင်းများပါရှိပါသည်။ လူတွေကြုံရာမရဖြစ်လာကြမည်။ ဤအကြောင်းအရာများသည် လူ့သမိုင်းနှင့်အတူ နှစ်ပေါင်းထောင်နှင့်ချီ၍ ပူးတွဲ လာခဲ့ပြီးဖြစ်ပါသည်။ စစ်တိုက်ခြင်းသည်လည်း ဓမ္မဟောင်းကျမ်း ခေတ်ကတည်းက ရှိလာခဲ့ပြီးဓမ္မ သစ်ကျမ်းပါသမိုင်းထဲ၌ပင် လူတွေ၏ရက်စက် ကြမ်းကြုတ်မှုသည် ပို၍အရုပ်ဆိုးလာခြင်းကြောင့် ကြောက်ရွံ့ထိတ်လန့် ခြင်းသည် ပို၍ပျံ့နှံ့လာခဲ့ ကြောင်းဖတ်ရှု ရပါသည်။ ယနေ့ကာလအုပ်ချုပ်ရေး အာဏာသည် လည်းနောင် ကာလအရေး ကြောက်ရွံ့မှုကိုသာပေးနိုင်တော့သည်။ ယေရှုခရစ်တော်၏ ဟောကိန်းထုတ်ခြင်းသည်လည်း ပို၍ပို၍ ပြည့်စုံမှန်ကန်လာနေပါသည်။ "နေ၊လ၊



သူ့တပည့်တမန်တို့ကလည်း အချိန်နှင့်နာရီမသိကြကြောင်း ဝန်ခံကုန်ကြ၏။ ရှင်ပေတရုကထိုနေ့ရက်နှင့်ပတ်သက်၍ ကဲ့ရဲ့စကား၊ ပြက်လုံးထုတ် ရယ်ဖွယ်ရာ စကားများမပြောဆိုမိကြရန်လည်း သတိပေးဆုံးမခဲ့ပါသည် (၂ပေ -၃း၄)။ သိလျှက် သားနှင့်ပေ့ါဆသူများမဖြစ်ကြရန် သတိပေးခြင်းဖြစ်ပါသည်။ ရှင်ပေါလုက လည်း တဖန် "ကပ်ကာလအချိန်များကိုသင်တို့အားရေး၍ ပေးလိုက်စရာအကြောင်းမရှိ။ အဘယ်ကြောင့်နည်းဟုမူကား၊ သူခိုးသည်ညအခါလာသကဲ့သို့ သခင်ဘုရား၏ နေ့ရက်သည်လာလိမ့်မည်။" ဟုအားပေးခဲ့ပါသည်။ (၁သက် ၅း၁-၂)။ အဓိက အချက်ကြီး (၂)ချက်ကို ဤကျမ်းပိုဒ်များမှ သိရှိနိုင်ပါ သည်။ ပထမမှာ အချိန်နာရီ သိဖို့မလိုတော့ကြောင်းဖြင့်ရှင်ပေါလုက ဆုံးမခဲ့ခြင်း ကြောင့် အချိန်မရွေး ကြွလာ နိုင်သည် ဟုသဘောပေါက်ကြရန် ဆိုလိုခြင်းဖြစ်ပါ သည်။ အကြောင်းမှာ "သူခိုး ကဲ့သို့လာမည်" ဟုသဘောပေါက်ကြရန်ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒုတိယ ကြွလာခြင်းသည် လူအများမမျှော်လင့်သော အချိန်၌ ရုတ်တရက် ဆိုင်းမဆင့် ဘုံမဆင့်ဖြစ်လာလိမ့်မည်။ သူခိုးဝင်လာမည်ကို မည်သူ သိနိုင်သနည်း။ အလစ်၌ ရုတ်တရက်ဝင်လာသည်သာဖြစ်ပါသည်။ ဤအချက် သည်သာ သေရေးရှင်ရေး ဖြစ်ပါသည်။ နိုးကြားထကြွစွာ သတိမလစ်စတမ်း မိမိ ကိုယ်တိုင်ပြင်ဆင်ပြီးမှ ဒုတိယ ကြွလာခြင်းကိုစောင့်မျှော်ရပါမည်။ သတိလစ်ချိန် ကလေး၌ ရောက်ရှိလာမည်သာ ဖြစ်ပါသည်။ မပေ့ါဆပါနှင့်! ! !(၁သက် ၅း၂၊ ၂ပေ- ၃း၁၀)။

## ကြလာချိန်နီးကြောင်းဖော်ပြသောအချိန်နှင့်ကာလများ

The times and seasons

သတိမပြတ်ရှိကြရန်ခရစ်တော်က အကြိမ်ကြိမ်မိန့်ဆိုခဲ့ပါသည်။ သူ ကြွလာချိန်နီးပြီးဖြစ်ကြောင်းသိရှိနိုင်သော နိမိတ်လက္ခဏာအဖြစ် အပျက်များကို (မ ၂၄း၃) ထဲ၌ ခရစ်တော်ဟောပြောတော်မူခဲ့၏။ မကြာခင်ကာလ၌ ယေရုရှလင် မြို့ကြီးနှင့် ဗိမာန်တော်ကြီး မီးလောင်ပြာကျ လုံးဝဥဿုံပျက်စီးကုန်မည့်အကြောင်းနှင့် ရှည်ကြာသော ခေတ်ကာလအဆက်ဆက်အတွင်း ဤကမ္ဘာကြီးပေါ်ဖြစ်ပျက်လာမည့် အကြောင်းအရာများ ကြိုတင်ဟောကိန်းထုတ်ခြင်းပါ အစုံပါရှိပါသည်။ အတိုချုပ်အားဖြင့် -

၁။ အတုအယောင်ခရစ်ယာန်ဘာသာပေါ်ထွန်းလာမည့်အကြောင်းနှင့် အတုအယောင်ဖြစ်သောခရစ်တော်ပုံစံများပေါ်ထွန်းလာမည့်အကြောင်း
၂။ စစ်မှန်သောခရစ်ယာန်များကြုံတွေ့ရမည့် ညှဉ်းပန်းနှိပ်စက်မှု
၃။ လူမျိုးအချင်းချင်း၊ တိုင်းပြည်အချင်းချင်း၊ စစ်တိုက်သံများ၊ မဟုတ်မမှန် သတင်းပြောဆိုမှုများ
၄။ မြေငလျင်လှုပ်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရောဂါများကျရောက်ခြင်း။
၅။ ယေရုရှလင်မြို့တော်ကြီး စစ်တပ်ကြီး၏ဝိုင်းရံမှုခံရခြင်း
၆။ ဂျူးနိုင်ငံပြိုကွဲခြင်း
၇။ တပါးအမျိုးသားတို့ယေရုရှလင်မြို့သိမ်းခြင်း
၈။ ဘေးဒဏ်ဆိုးကြီးနှင့်စိတ်ဖိနှိပ်မှုဒဏ်
၉။ နေ၊လနှင့်ကြယ်တာရာများ၌ မြင်တွေ့ရမည့်နိမိတ်လက္ခဏာများပေါ်လာခြင်း
၁၀။ကောင်းကင်တန်ခိုးကိုင်လှုပ်ခံရခြင်း စသည်များ



အထူးသတိထားရန်မှာခရစ်ယာန်ဘာသာအတုအယောင်ကြီး(အသင်းတော်)ပေါ်ထွန်းလာပြီး ကြီးထွားလာမည့်အဖြစ်အပျက်ကို ပထမတင်ပြခြင်းဖြစ်ပါသည်။ ၎င်းသည်ခရစ်တော်ကိုယ်တိုင်ကအဓိကစိုးရိမ်သည့် အဖြစ်အပျက်ဖြစ်ကြောင်းသွန်သင်ခဲ့ပါသည်။ ဓမ္မသစ်ခေတ်၌ ထိုကဲ့သို့သောမှားယွင်းသည့်သင်ကြားမှုသည် အသင်းတော်ထဲ၌ တိုးပွားလာကြောင်း၊ ခရစ်တော်၏နှုတ်ထွက်စကားပြီးပြည့်စုံခဲ့သည်။ (တ ၂၀း၂၉) ထိုမှတဆင့်ယနေ့ခေတ်ကာလအထိ ခရစ်ယာန်အတုများသည် အသင်းတော်ထဲ၌တွေ့မြင်နေရပါပြီ။ နိုင်ငံတိုင်း၊ မြို့ရွာတိုင်း၌တွေ့မြင်ရပါပြီ။ ဤကဲ့သို့မြင်လာရခြင်းသည် ခေတ်ကာလကုန်ဆုံးတော့မည့်အရိပ်လက္ခဏာကို သိမြင်နိုင်သော အဖြစ်အပျက် (အချက်ကြီး) ဖြစ်ပါသည်။ ထိုကဲ့သို့သော ဒေသနာအသင်းတော် (ဂိုဏ်းဂန) များထဲ၌ နည်းပါးလှသောလက်တဆုပ်စာအရေအတွက်ဖြစ်သည့် စစ်မှန်သော ယုံကြည့်သူခရစ်ယာန်များပါဝင်ကြ၏ (လယ်ကွင်းထဲ၌ စပါးပင်နှင့်မြက်ပင် အတူပေါက်နေကြပုံကို စဉ်းစားပါ)။ အများစုသည် အရေခြုံများဖြစ်ကြ၏။

## ခရစ်တော်အားဆန့်ကျင်သူ (Anti Christ)

သခင်ဘုရား၏နေ့တော်ကြီးအကြောင်းနှင့်ပတ်သက်၍ ရှင်ပေါလုကမှားယွင်းသော ခရစ်ယာန်ဘာသာရှိလာမည့်အကြောင်းနှင့် အန္တိခရစ်အကြောင်းကို အထူးပြုဟောထားခဲ့ပါသည်။ “ထိုနေ့ရက်မရောက်မှီဖောက်ပြန်သင်းခွဲခြင်းသည် အရင်ဖြစ်၍၊ ဒုစရိုက်လူတည်းဟူသောပျက်စီးခြင်း၏သားသည်ပေါ်လာရလိမ့်မည်။ ထိုသူသည်ဘုရားသခင်နှင့်ဘုရားဟုခေါ်သမျှသောအရာတို့ကိုဆန့်ကျင်ပြီး၊ မိမိကိုယ်ကိုချီးမြှောက်သောအားဖြင့်၊ ဘုရားသခင်၏ ဗိမာန်တော်၌ဘုရားကဲ့သို့ ထိုင်၍ မိမိကိုယ်ကိုဘုရားဖြစ်ယောင်ဆောင် လျက်ပြသောသူဖြစ်သတည်း” (၂သက် ၂း၃-၄)။